# 27 어디가 아프십니까?

ဘယ်နေရာက နေလို့မကောင်းတာလဲ။

**학습 안내**
သင်ရိုး အညွှန်း

- **သင်ခန်းစာ ရည်ရွယ်ချက်** ရောဂါအခြေအနေပြောခြင်း
  ရောဂါလက္ခဏာအကြောင်းအမေးအဖြေ
- **သဒ္ဒါ** -(으)면, -ㅂ/습니까, -ㅂ/습니다
- **ဝေါဟာရ** ဆေးရုံ၊ ဆေးကုသမှု
- **သတင်းအချက်အလက်နှင့် ယဉ်ကျေးမှု**
  အလုပ်သမားစင်တာ ဆေးကုသမှု လမ်းညွှန်

## 대화 1 စကားပြော ၁

Track 85



အောက်ပါ စကားများကတော့ ရီဟန် နှင့်ထူအန်းတို့နှစ်ယောက်ရဲ့အပြန်အလှန်စကားများဖြစ်ပါတယ်။ အရင်ဆုံး သူတို့ ပြောတာကို နှစ်ခါက် နားထောင်ပါ။

**리한** 투안 씨, 걷는 게 왜 그래요?
ထူအန်း၊ လမ်းလျှောက်တာ ဘယ်လိုဖြစ်တာလဲ။

**투 안** 발목이 좀 아파요.
ခြေကျင်းဝတ်က နည်းနည်း နာတယ်။

**리 한** 발목을 삔 거 아니에요?
빨리 병원에 가 보세요.
ခြေထောက်ခေါက်တာမဟုတ်ဘူးလား။
မြန်မြန်ဆေးရုံ သွားပြပါ။

**투 안** 이 근처에 병원이 있어요?
ဒီ အနီးအနားမှာ ဆေးရုံ ရှိလား။

**리 한** 지하철역 근처에 정형외과가 있어요.
မြေအောက်ရထားဘူတာ အနီးမှာ အရိုးအထူးကုဌာန ရှိတယ်။

**투 안** 내일 아침에도 아프면 가 볼게요. 고마워요.
မနက်ဖြန်မနက်အထိ နာနေရင် သွားကြည့်မယ်။ ကျေးဇူးပဲနော်။

> **게**
> 것이 = 게 (ကြီယာ)(ကြီယာ)
> "ရတာ"ဟာများသောအားဖြင့် စကားပြောမှာအသုံးပြုတယ်။
> · 한국 음식을 만드는 게 힘들어요.
> ကိုရီးယား အစားအစာကို ပြုလုပ်ရတာ ခဲယဉ်းတယ်။
> · 물을 많이 마시는 게 건강에 좋아요.
> ရေကိုအများကြီး သောက်တာ ကျန်းမာရေးအတွက် ကောင်းတယ်။


> **근처에** အနီးအနားမှာ
> · 우리 집 근처에 식당이 많아요.
> ငါတို့ အိမ်နားမှာ စားသောက်ဆိုင် များတယ်။
> · 회사 근처에 은행이 있어요?
> ကုမ္ပဏီနားမှာ ဘဏ်ရှိလား။



သချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 투안 씨는 어디가 아파요? ထူအန်း ဘယ်နေရာက နာတာလဲ။
2. 정형외과가 어디에 있어요? အရိုးအထူးကုဌာနက ဘယ်မှာရှိတာလဲ။


정답 1. 발목이 아파요. 2. 지하철역 근처에 있어요.




## 어휘 1 ဝေါဟာရ ၁ 병원 ဆေးရုံ



ဆေးရုံနဲ့ ပတ်သက်တဲ့ ဝေါဟာရတွေ ရှာဖွေကြည့်ရအောင်။




내과
ကိုယ်တွင်းရောဂါကုဌာန/ ဆေးဝါးကုသမှုဌာန




정형외과
အရိုးအထူးကုဌာန




치과
သွားနှင့်ခံတွင်းဌာန




안과
မျက်စိအထူးကုဌာန




이비인후과
နားနှာခေါင်းလည်ချောင်းဌာန



피부과
အရေပြားအထူးကုဌာန



산부인과
သားဖွားမီးယပ်ဌာန



소아과
ကလေးအထူးကုဌာန



အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲ ဖြေကြည့်ပါ။

1. 그림을 보고 알맞은 표현을 연결하세요. ပုံကိုကြည့်ပြီးသင့်တော်သော အသုံးအနှုန်းနဲ့ တွဲပါ။

①  • • ㉠ 정형외과

②  • • ㉡ 산부인과

③  • • ㉢ 이비인후과

④  • • ㉣ 치과

정답 ① ㉢ ② ㉣ ③ ㉡ ④ ㉠

## 문법 1 သဒ္ဒါ ၁ -(으)면

G27-1


ဒီသဒ္ဒါကတော့ အခြေအနေကိုဖော်ပြသော စကားဆက်ဖြစ်ပါတယ်။ သူကတော့ ပြု/ဖြစ်ခြင်းပြ ကြိယာ၊ ဂုဏ်ရည်ပြကြိယာ နှစ်မျိုးလုံးနှင့် တွဲသုံးနိုင်သည်။

| 자음 (ဗျည်း) → **-으면** | 모음 (သရ), 자음 (ဗျည်း) 'ㄹ' → **-면** |
|---|---|
| 읽다 → 읽**으면** | 만나다 → 만**나면**<br>살다 → 살**면** |

· 가: 머리가 좀 아프네요. ခေါင်း နည်းနည်း ကိုက်နေတယ်။
  나: 많이 **아프면** 일찍 들어가서 쉬세요. အရမ်း ကိုက်နေရင် စောစော ပြန်နားပါ။
· 가: 시간이 **있으면** 같이 영화 보러 갈래요? အချိန် ရှိရင် အတူ ရုပ်ရှင် ကြည့်ဖို့ သွားမလား။
  나: 좋아요. 요즘 무슨 영화가 재미있어요? ကောင်းသားပဲ။ အခုတလော ဘာ ရုပ်ရှင်က ကောင်းသလဲ။

'ㅂ' အသတ်ဖြင့် ဆုံးသော '춥다 (အေးသည်)', '덥다 (ပူသည်)', '맵다 (စပ်သည်)' တို့နှင့် တွဲသုံးတဲ့ အခါကျရင်တော '추우면, 더우면, 매우면' ကဲ့သို့ ပုံစံပြောင်းသုံးရတယ်။

· **더우면** 에어컨을 켜세요. ပူရင် အဲရားကွန်း ဖွင့်ပါ။
· 음식이 **매우면** 말씀하세요. အစားအသောက် စပ်ရင် ပြောပါ။
· 가: 사무실이 춥네요. ရုံးခန်းက အေးတယ်နော်။
  나: **추우면** 문을 닫을까요? အေးရင် တံခါးပိတ်လိုက်ရမလား။



'-(으)면' ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ဖြည့်ကြည့်ရအောင်။

2. 빈칸에 맞는 표현을 〈보기〉에서 골라 '-(으)면'을 사용해서 문장을 완성하세요.
'-(으)면' သုံး၍ ပေးထားသော ဥပမာတွေထဲက မှန်သော အသုံးအနှုန်းကို ရွေးပြီး ကွက်လပ်ဖြည့်ပါ။.

1) 감기에 ______________ 내과에 가 보세요.

2) 얼굴에 뭐가 ______________ 피부과에 가 보세요.

3) 다리가 ______________ 정형외과에 가야 해요.

보기　나다　걸리다　부러지다

정답 1) 걸리면 2) 나면 3) 부러지면

### 유용한 표현 အသုံးဝင်သော အသုံးအနှုန်းများ

아무거나 잘 먹어요. ဘာဖြစ်ဖြစ် ကောင်းကောင်းစားတယ်။

가: 좋아하는 한국 음식이 뭐예요? ကြိုက်နှစ်သက်တဲ့ ကိုရီးယားအစားအစာက ဘာလဲ။
나: **아무거나 잘 먹어요. ဘာဖြစ်ဖြစ် ကောင်းကောင်းစားတယ်။**

## 대화 2 စကားပြော ၂

Track 86



ထူအန်း ဆေးရုံသွားခဲ့တယ်။ အရင်ဆုံး ထူအန်းနဲ့ ဆရာဝန်နဲ့ ပြောတဲ့ စကားတွေကို နှစ်ကြိမ်နားထောင်ပါ။

의 사　어디가 아프십니까?
ဘယ်နေရာကနာတာလဲ။(ဘာဖြစ်တာလဲ။)

투 안　어제 계단에서 넘어져서 발목을 다쳤어요.
မနေ့က လှေကားကနေ ပြုတ်ကျပြီး ခြေကျင်းဝတ်ကို ထိခိုက်မိတယ်။

의 사　어디 봅시다. 여기를 누르면 어떻습니까?
ကြည့်ရအောင်၊ ဒီနေရာကို နှိပ်ရင် ဘယ်လိုနေလဲ။

투 안　아, 너무 아파요.
အား၊ အရမ်း နာတယ်။

의 사　발목을 삐었네요. 먹는 약과 파스를 처방해 드리겠습니다. 그런데 발목을 삐었을 때는 많이 걷지 말고 앉아서 쉬어야 합니다. 그리고 찜질을 해 주는 것이 좋습니다.
ခြေဆစ်လွဲသွားတာပါ၊ သောက်ဆေးနဲ့ ကပ်ဆေးပလာစတာ ပေးလိုက်မယ်။ ဒါနဲ့ ခြေဆစ်လွဲနေချိန်မှာ လမ်းအများကြီး မလျှောက်ဘဲ ထိုင်ပြီး နားရပါမယ်။ နောက်ပြီး ကြပ်ထုပ်လည်း ထိုးပေးရင် ကောင်းတယ်။

투 안　네, 알겠습니다.
ဟုတ်ကဲ့၊ သိပါပြီ။

> **어디 봅시다 မှန်းစမ်း**
> ကြည့်ရအောင်။တစ်စုံတစ်ခုကို မျက်လုံးနဲ့ ကြည့်ပြီး စစ်ရမယ့် အနေအထားမှာ သုံးတယ်။
> · 어디 봅시다. 열이 많이 나네요.
> ကြည့်ရအောင်၊ ကိုယ်တွေအရမ်းပူနေတာပဲ။
> · 어디 봅시다. 그림을 참 잘 그렸네요.
> မှန်းစမ်းကြည့်ရအောင်၊ ပုံကောင်းကောင်း ဆွဲတတ်တာပဲ။

> **그런데 ဒါနဲ့ စကားမစပ်**
> အနောက်က အကြောင်းအရာကို ပြောင်းပြောချင်တဲ့အခါ သုံးတယ်။
> · 리한 씨, 어제 도와줘서 고마워요. 그런데 리한 씨 동생은 요즘 뭐 해요?
> ရီဟန်၊ မနေ့က ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါနဲ့ ရီဟန့်ညီလေးကော အခုတလော ဘာတွေ လုပ်နေလဲ။
> · 나는 늦게 잠을 자요. 그런데 내 방 친구는 일찍 자요.
> ငါကတော့ နောက်ကျမှ အိပ်တယ်။ ဒါနဲ့ ငါ့ အခန်းဖော်ကတော့ စောစော အိပ်တယ်။



ထူအန်းနဲ့ ဆရာဝန်နဲ့ ပြောတဲ့ စကားတွေကို နားထောင်ပါ။ သေချာနားထောင်ပြီး လိုက်ဆိုပြီးရင် အောက်က မေးခွန်းတွေ ဖြေကြည့်ကြရအောင်။

1. 투안 씨는 왜 발목을 다쳤어요? ထူအန်းက ဘာကြောင့် ခြေထောက် ထိခိုက်မိတာလဲ။
2. 발목이 다쳤을 때에는 어떻게 해야 해요? ခြေကျင်းဝတ် ထိခိုက်မိတဲ့အခါ ဘယ်လိုလုပ်ရမလဲ။

정답　1. 계단에서 넘어져서 발목을 다쳤어요.
2. 많이 걷지 말고 앉아서 쉬어야 해요.

## 어휘 2 စကားပြော ၂ | 치료 ဆေးကုသမှု




ဆေးကုသမှုဆိုင်ရာ အသုံးအနှုန်းများကို ရှာကြည့်ရအောင်။



치료를 하다
ဆေးကုသည်။



주사를 맞다
ဆေးထိုးသည်။



수술하다
ခွဲစိတ်သည်။




약을 먹다
ဆေးသောက်သည်။




소독을 하다
ပိုးသတ်သည်။




연고를 바르다
လိမ်းဆေးလိမ်းသည်။




밴드를 붙이다
ပလာစတာကပ်သည်။




파스를 붙이다
ကပ်ဆေးပလာစတာ ကပ်သည်။




찜질을 하다
ရေခဲအိတ်၊ ရေနွေးအိတ်ကပ်သည်။



붕대를 감다
ပတ်တီးစည်းသည်။



주무르다
နှိပ်သည်။



깁스를 하다
ကျောက်ပတ်တီးစည်းသည်။




အပေါ်ကဝေါဟာရတွေကို မကြည့်ဘဲ ဖြေကြည့်ပါ။

1. 그림에 맞는 표현을 〈보기〉에서 골라 넣으세요. ပုံနှင့် ကိုက်ညီသော အသုံးကို(ဥပမာ)ထဲက ရွေးပြီး ထည့်ပါ။




1) ____________




2) ____________




3) ____________



4) ____________



5) ____________



6) ____________

**보기** 소독을 하다 붕대를 감다 주사를 맞다 찜질을 하다 주무르다 파스를 붙이다

**정답** 1) 소독을 하다 2) 붕대를 감다 3) 주사를 맞다 4) 파스를 붙이다 5) 찜질을 하다 6) 주무르다

## 문법 2 သဒ္ဒါ ၂ –ㅂ/습니까, –ㅂ/습니다 G27-2

ကြိယာ သို့မဟုတ် ဂုဏ်ရည်ပြကြိယာနဲ့ တွဲပြီး ဝါကျအဆုံးသတ်အနေနဲ့ သုံးတဲ့ ယဉ်ကျေးတဲ့ အသုံးဖြစ်ပါတယ်။ အစည်းအဝေး သို့မဟုတ် လူအများရှေ့မှာ ပြောဆိုတဲ့အခါ၊ သတင်းပို့တဲ့အခါ စသည်ဖြင့် အများနဲ့ သက်ဆိုင်တဲ့ နေရာတွေမှာ မေးမြန်း/ရှင်းပြတဲ့အခါ သုံးပါတယ်။

| 자음 (ဗျည်း) → **–습니까, –습니다** | 모음 (သရ ), 자음 (ဗျည်း) ‘ㄹ’ → **–ㅂ니까, –ㅂ니다** |
|---|---|
| 먹다 → 먹**습니까**? 먹**습니다** | 만나다 → 만**납니까**? 만**납니다**<br>만들다 → 만**듭니까**? 만**듭니다** |

- 가: 어떻게 **오셨습니까**? ဘာကိစ္စနဲ့ လာပါသလဲ၊(ဘာကူညီပေးရမလဲ)။
  나: 감기에 걸려서 **왔습니다**. အအေးမိသွားလို့ လာခဲ့ပါတယ်။
- 지금부터 다음 회의 일정을 **말씀드리겠습니다**.
  အခုချိန်ကစပြီး နောက်အစည်းအဝေး အချိန်ဇယားကို တင်ပြပါ့မယ်။

နာမ်နဲ့ တွဲသုံးလို့လဲရတယ်။ နာမ်နဲ့ တွဲသုံးတဲ့အခါ နောက်မှာ ဖြစ်သည် ဆိုတာတော့ ထည့်ပေးရမယ်။ ‘N+**입니다**’.

- 저분이 우리 **사장님입니다**. ထိုသူသည် ငါတို့ သူဌေးဖြစ်ပါတယ်။
- 제 고향은 **양곤입니다**. ကျွန်တော့် ဇာတိကတော့ ရန်ကုန် ဖြစ်ပါတယ်။

### 대조적 정보 နှိုင်းယှဉ်ချက်

‘–ㅂ/습니까’ & ‘–ㅂ/습니다’ ကတော့ အသတ်ပါခြင်း မပါခြင်းအပေါ် မူတည်ပြီး ခွဲခြားသုံးရခြင်းက မြန်မာစကားနဲ့ အကြီးမားဆုံး ကွာခြားချက်ကြီးပါပဲ။ မေးခွန်းအဆုံးသတ်နဲ့ ရိုးရိုးဝါကျ အဆုံးသတ် မတူကြတာကတော့ မြန်မာစကားမှာလည်း ရှိပါတယ်။



‘–ㅂ/습니까, –ㅂ/습니다’ ရဲ့ အသုံးကို နားလည်ရင် ဥပမာဝါကျတွေကို ပြီးအောင် ဖြည့်ကြည့်ပါ။

2. 대화를 읽고 맞는 답을 고르세요. စကားပြောကို ဖတ်ပြီး အဖြေမှန်ရွေးပါ။

1) 가: 어떻게 오셨습니까? ဘာကိစ္စနဲ့လာပါသလဲ။
   나: ____________________.

① 주사를 맞았습니다　　② 배가 아프고 설사를 합니다

2) 가: 발목을 삐면 어떻게 해야 합니까? ခြေဆစ်လွဲသွားရင် ဘာလုပ်ရမလဲ။
   나: ____________________.


① 이비인후과에 가야 합니다　　② 정형외과에 가 보는 게 좋습니다

정답 1) ② 2) ②

## 활동 အသုံးချသင်ခန်းစာများ


1. 〈보기〉처럼 이야기해 보세요. ဥပမာလိုမျိုး စကားပြောကြည့်ပါ။

보기





가: 목이 아프면 어디에 가야 합니까?
လည်ချောင်း နာရင် ဘယ်ကို သွားရမလဲ။
나: 이비인후과에 가야 합니다.
နား၊ နှာခေါင်း၊ လည်ချောင်းဌာနကို သွားရမယ်။

1) 






ကိုယ်တွင်းရောဂါကုဌာန/ဆေးဝါး ကုသမှုဌာန

2) 




အရိုးအထူးကုဌာန

3) 




မျက်စိအထူးကုဌာန

4) 




အရေပြားအထူးကုဌာန

정답
1) 가: 배가 아프면 어디에 가야 합니까?
나: 내과에 가야 합니다.
2) 가: 다리가 부러지면 어디에 가야 합니까?
나: 정형외과에 가야 합니다.
3) 가: 눈이 아프면 어디에 가야 합니까?
나: 안과에 가야 합니다.
4) 가: 얼굴에 뭐가 나면 어디에 가야 합니까?
나: 피부과에 가야 합니다.

## 정보 သတင်းအချက်အလက်

# 외국인 근로자 센터 진료 안내

### နိုင်ငံခြားသားအလုပ်သမားစင်တာ ဆေးကုသပေးခြင်း လမ်းညွှန်

서울 시내 외국인 근로자 센터에서도 외국인 근로자를 위한 의료 서비스를 제공하고 있습니다. 서울 시내에 위치한 7개의 외국인 근로자 센터에서는 내과, 이비인후과, 치과뿐만 아니라 한방진료나 종합 검진까지 가능합니다. 외국인 근로자라면 누구나 외국인 근로자 센터의 의료 서비스를 이용할 수 있습니다.

ဆိုးလ်မြို့က နိုင်ငံခြားသားအလုပ်သမားစင်တာမှာလည်း နိုင်ငံခြားသားအလုပ်သမားအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ လုပ်ပေးနေပါသည်။ ဆိုးလ်မြို့ထဲမှာ ရှိတဲ့ နိုင်ငံခြားသား အလုပ်သမားစင်တာ ၇ခုမှာတော့ ကိုယ်တွင်းရောဂါကုဌာန/ဆေးဝါးကုသမှုဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားနှင့် ခံတွင်း သာမက တိုင်းရင်းဆေး၊ အနောက်တိုင်းဆေး ပေါင်းပြီး ကုသမှုများ၊ အထွေထွေကျန်းမာရေး ဆေးစစ်မှုခြင်းများပါ လုပ်နိုင်ပါသည်။ နိုင်ငံခြားသား အလုပ်သမား မည်သူမဆို စင်တာ၏ ကျန်းမာရေး ဝန်ဆောင်မှုကို ခံစားခွင့် ရှိပါသည်။

| 센터명<br>စင်တာ နာမည် | 위치<br>နေရာ | 진료일<br>ဆေးကုသရက် | 의료지원 내용<br>ဆေးဘက်ဆိုင်ရာအထောက်အပံ့ | 시설<br>ဝန်ဆောင်မှုဆိုင်ရာ |
|---|---|---|---|---|
| 성동 | 성동구 홍익동 147-22 | 매월 둘째, 넷째 일요일 | 내과, 치과 무료진료<br>수시 종합검진, 독감백신접종 | 단독시설 |
| 금천 | 금천구 가산동 144-3 | 수시 | 보건소, 병원 연계 여성외국인 부인과 검진, 위생교육 및 위생용품, 구충제 지원 | 가산종합 사회복지관 내 |
| 은평 | 은평구 녹번동 산28-6 | 수시 | 긴급 의료기관에 통역활동가 대동 지원,<br>건강검진 등 자원단체연계 진료 지원 | 녹번종합 사회복지관 내 |
| 강동 | 강동구 성내동 508-1 | 수시 | 유방암 검진, 건강검진 | 성내종합 사회복지관 내 |
| 성북 | 성북구 하월곡동 222-5 | 매월 둘째, 넷째 일요일 | 한방진료, 치과, 수시 종합건강검진 | 월곡종합 사회복지관 내 |
| 양천 | 양천구 목동 931 | 매월 넷째 일요일 | 한방진료, 이비인후과, 내과 등,<br>수시 건강검진 | 신목종합 사회복지관 내 |
| 서울 | 영등포 당산동 6가 1-2 | 매월 둘째, 넷째 일요일 | 한방진료, 수시 보건소 등 연계 종합검진 | 단독시설 |

## 응급 상황 시 도움 받을 곳

### အရေးပေါ် အခြေအနေဖြစ်ချိန် အကူအညီတောင်းရမည့် နေရာ

밤에 갑자기 병원에 가야 한다면 어디에 도움을 요청해야 할까요? 바로 119에 전화하면 됩니다. 119는 24시간, 365일 언제든지 이용이 가능합니다. 그리고 이곳에서는 영어, 중국어, 일본어, 몽골어, 베트남어 등 5개 국어로 의료 상담 서비스를 받을 수 있습니다.

ညဘက် ရုတ်တရက် ဆေးရုံသွားရမယ်ဆိုရင် ဘယ်ကို အကူအညီတောင်းရမလဲ။ တန်းပြီး ၁၁၉ကို ဖုန်းဆက်ရပါတယ်။ ၁၁၉ကတော့ ၂၄နာရီ၊ ၃၆၅ရက် အချိန်မရွေး ခေါ်လို့ရပါတယ်။ နောက်ပြီး ဒီနေရာမှာတော့ အင်္ဂလိပ်၊ တရုတ်စကား၊ ဂျပန်စကား၊ မွန်ဂိုစကား၊ ဗီယက်နမ်စကား စတဲ့ ဘာသာစကား ၅မျိုးနဲ့ ကျန်းမာရေးဆိုင်ရာ ဆွေးနွေးမှုဆိုင်ရာ ဝန်ဆောင်မှုကို ရယူနိုင်ပါတယ်။

# EPS-TOPIK 듣기 EPS-TOPIK အကြား စာမေးပွဲ

မေးခွန်း ၁ကနေ ၃ အထိကတော့ ပုံကိုကြည့်ပြီး အဖြေမှန်ရွေးရမှာဖြစ်ပါတယ်။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ပါ။

[1~3] 다음 그림을 보고 알맞은 대답을 고르십시오.
နားထောင်ပြီး မေးခွန်း နှစ်ခုလုံးကို ဖြေပါ။ နားမထောင်ခင်မှာ မေးခွန်းကို အရင်ဆုံးဖတ်ပါ။

Track 87

1. 

이 사람은 어디에 가야 합니까? ဒီလူ ဘယ်နေရာသို့ သွားရမလဲ။

① ② ③ ④

2. 

이 사람은 무엇을 합니까? ဒီလူ ဘာလုပ်နေတာလဲ။

① ② ③ ④

3. 

이 사람은 무엇을 했습니까? ဒီလူ ဘာလုပ်ခဲ့လဲ။

① ② ③ ④

အကြောင်းအရာ တစ်ခုတည်းကို နားထောင်ပြီး မေးခွန်း နှစ်ခုကို ဖြေပါ။

[4~5] 하나의 이야기를 듣고 두 개의 질문에 대답하십시오.
အကြောင်းအရာ တစ်ခုတည်းကို နားထောင်ပြီး မေးခွန်း နှစ်ခုကို ဖြေပါ။

4. 여기는 어디입니까? ဒါ ဘယ်နေရာလဲ။

① 안과 ② 소아과
③ 정형외과 ④ 이비인후과

5. 남자는 무엇을 해야 합니까? ယောကျ်ားလေးက ဘာကို လုပ်ရမလဲ။

① 수술을 해야 합니다. ② 많이 걸어야 합니다.
③ 매일 약을 먹어야 합니다. ④ 집에서 찜질을 해야 합니다

## 듣기 대본 စာသား

1. ① 남: 내과에 가야 합니다. ကိုယ်တွင်းရောဂါကုဌာန/ဆေးဝါးကုသမှုဌာနကို သွားရမယ်။
   ② 남: 치과에 가야 합니다. သွားနှင့် ခံတွင်းဌာနကို သွားရမည်။
   ③ 남: 피부과에 가야 합니다. အရေပြားဌာနကို သွားရမည်။
   ④ 남: 산부인과에 가야 합니다. သွားဖွားမီးယပ် ဌာနကို သွားရမည်။
2. ① 여: 연고를 바릅니다. လိမ်းဆေးလိမ်းသည်။
   ② 여: 약을 먹습니다. ဆေးသောက်သည်။
   ③ 여: 소독을 합니다. ပိုးသတ်သည်။
   ④ 여: 파스를 붙입니다. ပလာစတာ ကပ်သည်။
3. ① 남: 깁스를 했습니다. ကျောက်ပတ်တီးစည်းသည်။
   ② 남: 수술했습니다. ခွဲစိတ်ခဲ့သည်။
   ③ 남: 주사를 맞았습니다. ဆေးထိုးသည်။
   ④ 남: 붕대를 감았습니다. ပတ်တီးစည်းခဲ့သည်။

4-5 여: 어떻게 오셨습니까? ဘာကိစ္စနဲ့လာတာလဲ။(ဘာအကူအညီပေးရမလဲ။)
남: 넘어져서 발목을 삐었어요. ချော်လဲပြီး ခြေထောက်ခေါက်သွားတယ်။
여: 어디 봅시다. 여기가 아픕니까? မှန်းစမ်း ကြည့်ရအောင်၊ ဘယ်နေရာက နာတာလဲ။
남: 아! 네. အာ့၊ ဟုတ်။
여: 발목에 파스를 붙이시고 많이 걷지 마세요.
ခြေကျင်းဝတ်မှာ ကပ်ဆေးပလာစတာ ကပ်ပြီး လမ်းအများကြီး မလျှောက်ပါနဲ့။
그리고 집에서 찜질을 하셔야 됩니다. နောက်ပြီး အိမ်မှာ ကြပ်ထုပ်ထိုးရပါမယ်။

정답 1. ② 2. ① 3. ③ 4. ③ 5. ④

## 확장 연습 ထပ်ဆောင်း လေ့ကျင့်ရန် L-27

1. 대화를 듣고 질문에 알맞은 것을 고르십시오.
စကားပြောများကို နားထောင်ပြီး မေးခွန်းနဲ့ ကိုက်ညီတာကို ရွေးပါ။

여자는 대화 후에 무엇을 할 겁니까? မိန်းကလေးက စကားအပြီးမှာဘာကို လုပ်လိမ့်မလဲ။

① 집에 가서 쉽니다.
② 약을 먹고 계속 근무합니다.
③ 점심을 먹으러 집에 갑니다.
④ 병원에 가서 진찰을 받습니다.

## 확장 연습 듣기 대본 ထပ်ဆောင်း လေ့ကျင့်ရန် စာသား

남: 수지 씨, 근무 시간에 어디에 갔다 왔어요? ဆူဂျီ၊ အလုပ်ချိန်မှာ ဘယ်သွားပြီး ပြန်လာတာလဲ။
여: 죄송해요, 반장님. 점심 먹고 속이 너무 안 좋아서 휴게실에서 좀 쉬었어요.
ဆောရီးပါ ဆရာ၊ နေ့လယ်စာ စားပြီး ရင်ထဲမကောင်းလို့ နားနေခန်းထဲမှာ နည်းနည်း နားနေတာပါ။
남: 많이 아프면 일찍 들어가서 약 먹고 좀 쉬도록 해요.
အရမ်း မကောင်းရင် စောစောပြန်ပြီး ဆေးသောက်ပြီး နည်းနည်း အနားယူလိုက်ပါ။
여: 네, 반장님. 그렇게 할게요. 감사합니다. ဟုတ်ကဲ့၊ ဆရာ၊ အဲ့သလိုလုပ်ပါ့မယ်။ ကျေးဇူးတင်ပါတယ်။


정답 1. ①

## EPS-TOPIK 읽기 EPS-TOPIK အဖတ် စာမေးပွဲ




မေးခွန်း ၁နဲ့ ၂ကတော့ ပုံကို ကြည့်ပြီး အဖြေမှန်ရွေးရမှာ ဖြစ်ပါတယ်။ သင်ထားတာတွေကို အသုံးချပြီး ဖြေကြည့်ပါ။


[1~2] 다음 그림을 보고 알맞은 문장을 고르십시오.
အောက်ပါ ပုံကို ကြည့်ပြီး မှန်ကန်သော စာကြောင်းကို ရွေးပါ။

1. 

① 안과에 가야 합니다.
② 치과에 가야 합니다.
③ 피부과에 가야 합니다.
④ 정형외과에 가야 합니다.

2. 

① 수술하고 있습니다.
② 찜질을 하고 있습니다.
③ 연고를 바르고 있습니다.
④ 파스를 붙이고 있습니다.



မေးခွန်း ၃နဲ့ ၄ကတော့ သင့်တော်သော စာလုံးရွေးပေးရမှာ ဖြစ်ပါတယ်။ မေးခွန်း ၅ကတော့ စာပိုဒ်ကို ဖတ်ပြီး အဖြေမှန် ရွေးပေးရမှာဖြစ်ပါတယ်။ သင်ထားတာတွေကို အသုံးချပြီးဖြေကြည့်ပါ။

[3~4] 빈칸에 들어갈 가장 알맞은 것을 고르십시오. ကွက်လပ်ထဲ ဖြည့်ရန် အသင့်တော်ဆုံးကို ရွေးပါ။

3.

가: 목이 너무 아파요. လည်ချောင်း အရမ်း နာတယ်။
나: 목이 ______________ 이비인후과에 가 보세요.
လည်ချောင်း နာရင် နား၊နှာခေါင်း၊ လည်ချောင်းဌာန သွားကြည့်ပါ။

① 아파서 ② 아프고 ③ 아프면 ④ 아픈 후에

4.

집에서 요리를 했는데 손을 데었습니다. 그래서 연고를 바르고 밴드를 ________________.
အိမ်မှာ ဟင်းချက်ပြီး လက် အပူလောင်ခဲ့တယ်။ ဒါကြောင့် လိမ်းဆေး လိမ်းပြီး ပလာစတာကို ကပ်ခဲ့တယ်။

① 붙였습니다
② 먹었습니다
③ 찍었습니다
④ 주물렀습니다

5. 다음 질문에 답하십시오. အောက်ပါ မေးခွန်းကို ဖြေပါ။

〈진료 시간〉 <ဆေးကုသချိန်/လူနာကြည့်ချိန်>
평일: 오전 10시~오후 6시 ကြားရက်- မနက် ၁၀နာရီ-ညနေ၆နာရီ
(점심 시간: 오후 1시~오후 2시) နေ့လည်စာစားချိန်- မွန်းလွဲ ၁နာရီ- ၂နာရီ
토요일: 오전 10시~오후 1시 စနေ- မနက် ၁၀နာရီ-မွန်းလွဲ ၁နာရီ။
일요일, 공휴일: 휴진 တနင်္ဂနွေ၊ ရုံးပိတ်ရက်-ပိတ်တယ်။

진료를 받을 수 있는 시간은 언제입니까? ဆေးကုသမှု ခံယူနိုင်တဲ့ အချိန်က ဘယ်တော့လဲ။
① 월요일 오후 7시
② 목요일 오전 9시
③ 토요일 오전 11시
④ 일요일 오후 12시

정답 1. ① 2. ② 3. ③ 4. ① 5. ③

## 확장 연습 ထပ်ဆောင်း လေ့ကျင့်ရန်

1. 그림을 보고 알맞은 표현을 고르십시오.
   အောက်ပါ ပုံကို ကြည့်ပြီး မှန်ကန်သော အသုံးကို ရွေးပါ။



① 방을 쓸고 있어요.
② 빨래를 개고 있어요.
③ 먼지를 털고 있어요.
④ 설거지를 하고 있어요.

2. 빈칸에 들어갈 가장 알맞은 것을 고르십시오.
   ကွက်လပ်ထဲ ထည့်ရန် အသင့်တော်ဆုံးသော အရာကို ရွေးပါ။

> 저는 보통 퇴근하면 집에서 저녁 식사를 합니다. ____________ 오늘은 시내에서 고향 친구를 만나서 함께 저녁을 먹을 겁니다.
> ကျွန်တော်ကတော့ ပုံမှန် အလုပ်ကပြန်ရင် အိမ်မှာ ညနေစာကို စားပါတယ်။ ဒါပေမဲ့ ဒီနေ့တော့ မြို့ထဲမှာ မွေးရပ်မြေက သူငယ်ချင်းနဲ့ တွေ့ပြီး အတူတူ ညနေစာစားပါမယ်။

① 그리고　　② 그래서　　③ 그런데　　④ 그러므로

3. 다음 안내문에 대한 설명으로 맞는 것은 무엇입니까?
   အောက်ဖော်ပြပါ ကြေညာစာနဲ့ပတ်သက်တဲ့ ရှင်းပြမှုအနေနဲ့ မှန်တာက ဘယ်ဟာလဲ။

〈진료 시간〉 <ဆေးကုသချိန်>

＊평일 : 9:30~18:00 ကြားရက်: 9: 30 ~ 18: 00
점심시간 : 12:00~13:30 နေ့လယ်စာ စားချိန်: 12:00 ~ 13:30
＊토요일 : 9:30~12:00 စနေ: 9:30 ~ 12:00
＊일요일, 공휴일은 쉽니다 တနင်္ဂနွေနေ့နဲ့ အစိုးရရုံးပိတ်ရက်ကတော့ နားရက်ဖြစ်ပါတယ်။

한마음 정형외과 ဟန်မာအွမ်း အရိုးအထူးကုဌာန

① 토요일에는 오전에 가야 합니다.
② 공휴일에도 진료를 받을 수 있습니다.
③ 열두 시부터 한 시간 동안 점심시간입니다.
④ 아침 아홉 시부터 진료를 받을 수 있습니다.

정답 1. ④　2. ③　3. ①